အသက်အရွယ်စုံ ကျောင်းသားများကို စုပေါင်း သင်ကြားသည့် အတန်းများ - မိဘများနှင့် ပြုစုစောင့်ရှောက်သူများအတွက် အချက်အလက် စာစောင်

အသက်အရွယ်စုံ ကျောင်းသားများကို စုပေါင်း သင်ကြားသည့် အတန်းဆိုတာ ဘာလဲ။

အသက်အရွယ်စုံ ကျောင်းသားများကို စုပေါင်း သင်ကြားတဲ့ အတန်းတွေမှာ အတန်းအဆင့် မတူတဲ့ ကျောင်းသားတွေ ပါဝင်လေ့ရှိပါတယ်။ ဤအတန်းတွေမှာ သင်ရိုးညွှန်းတမ်း အဆင့်တူ ကျောင်းသားတွေ၊ ဒါမှမဟုတ် သင်ရိုးညွှန်းတမ်းအဆင့် အမျိုးမျိုးမှ ကျောင်းသားတွေ ပါဝင်နိုင်ပါတယ်။

NSW သင်ရိုးညွှန်းတမ်းကို အောက်ပါအဆင့်တွေနဲ့ ဖွဲ့စည်းထားပါတယ် -

ကနဦးအဆင့်-1: သူငယ်တန်း

အဆင့်-1: ပထမတန်း နှင့် ဒုတိယတန်း

အဆင့်-2: တတိယတန်း နှင့် စတုတ္ထတန်း

အဆင့်-3: ပဉ္စမတန်း နှင့် ဆဋ္ဌမတန်း

အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့ အတန်းမှ ဖြစ်စေ၊ သက်တူရွယ်တူများသာရှိတဲ့ အတန်းမှ ဖြစ်စေ ကျောင်းသားတွေဟာ မိမိတို့နဲ့ သက်ဆိုင်တဲ့ သင်ရိုးညွှန်းတမ်းအဆင့်အတိုင်း သင်ယူလေ့လာကြရပါတယ်။ ဥပမာ - 1/2 တန်း ရှိ 2 တန်း ကျောင်းသားဟာ 2 တန်း (အဆင့် 1) သင်ရိုးညွှန်းတမ်းကို သင်ယူရသကဲ့သို့ပင်၊ 4/5/6 တန်း ရှိ 4 တန်း ကျောင်းသားဟာလည်း 4 တန်း (အဆင့် 2) သင်ရိုးညွှန်းတမ်းကို သင်ယူရပါတယ်။

ကျွန်တော်/ကလေးရဲ့ကျောင်းမှာ အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့ အတန်းတွေ ဘာကြောင့်ရှိနိုင်ပါသလဲ။

ဩစတြေးလျနိုင်ငံရှိ ကျောင်းများတွင် အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့ အတန်းတွေကို အများအပြား တွေ့ရှိရလေ့ရှိပြီး ၎င်းတို့ကို အောက်ပါအကြောင်းရင်းတွေကြောင့် ဖွဲ့စည်းထားခြင်း ဖြစ်နိုင်ပါတယ် -

- **ကျောင်းအပ်နှံမှုပုံစံများ** - အတန်းတူ ကျောင်းသားအရေအတွက်ဟာ နှစ်စဉ် ပြောင်းလဲလေ့ ရှိပါတယ်။ အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်းထားရှိ သင်ကြားပေးတဲ့ အတန်းတွေဟာ ကျောင်းတွေအနေနဲ့ အတန်းတစ်တန်းမှာ ရှိရမည့် ကျောင်းသားဦးရေကို မျှတအောင် စီစဉ်ဆောင်ရွက်ရာမှာ အထောက်အကူပြုပါတယ်။
- **ပညာရေးဆိုင်ရာ အကျိုးကျေးဇူးများ** – ဤအတန်းဖွဲ့စည်းမှု ပုံစံတွေဟာ သင်ယူမှုနဲ့ လူမှုဆက်ဆံရေးဆိုင်ရာ အကျိုးကျေးဇူးတွေကို ပေးစွမ်းနိုင်သောကြောင့် ကျောင်းတွေအနေနဲ့ ၎င်းတို့ကို အသုံးပြုနိုင်ပါတယ်။
- **ကျောင်းဝယ်များ** – ကျောင်းဝယ်တွေနဲ့ ကျေးလက်ဒေသရှိ ကျောင်းတွေမှာ အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်းထားရှိ သင်ကြားပေးတဲ့ အတန်းတွေကို အများအားဖြင့် တွေ့ရလေ့ရှိပြီး ဒါဟာ အတန်းတစ်တန်းအတွက် လိုအပ်တဲ့ ကျောင်းသားဦးရေ ပြည့်မီစေဖို့ အထောက်အကူပြုပါတယ်။

CC BY

အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်းထားရှိ သင်ကြားတဲ့ အတန်းမှာ ကျောင်းသားတွေကို ဘယ်လိုထားသလဲ။

ကျောင်းအုပ်ကြီးတွေနဲ့ ဆရာ၊ ဆရာမတွေဟာ အောက်ပါအချက်တွေကို ထည့်သွင်းစဉ်းစားပြီး အတန်းခွဲဝေချထားမှုကို ဆုံးဖြတ်ကြပါတယ် -

- ကျောင်းသားတွေရဲ့ သင်ယူမှုနဲ့ ပူးပေါင်းပါဝင်မှု။
- ကျောင်းမှာ စရိုက်အမျိုးမျိုးနဲ့ ကျောင်းသားတွေ ရှိခြင်း၊
- ကျောင်းသားတွေရဲ့ အားသာချက်များ၊ စိတ်ဝင်စားမှုများနှင့် သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို ဟန်ချက်ညီ မျှတအောင် ဆောင်ရွက်ခြင်း
- လူမှုရေးအရ ကျန်းမာပျော်ရွှင်မှုနဲ့ ပေါင်းသင်းဆက်ဆံရေး
- သင်ရိုးညွှန်းတမ်းကို ထိရောက်စွာ သင်ကြားခြင်း
- အတန်းအသီးသီးမှာ လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေနဲ့ အထောက်အပံ့များ စီစဉ်ဆောင်ရွက်ခြင်း

ကျောင်းသားတွေရဲ့ သင်ယူမှုကို အထောက်အကူပြုစေဖို့နဲ့ ၎င်းတို့အတွက် အကောင်းဆုံးဖြစ်စေမည့် နည်းလမ်းနဲ့ အတန်းနေရာချထားမှုတွေ လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်းထားရှိ သင်ကြားပေးတဲ့ အတန်းမှာ နေရတယ်ဆိုတာ ကျောင်းသားတစ်ဦးဟာ သင်ရိုးညွှန်းတမ်းအဆင့်အရ ရှိသင့်တဲ့ အရည်အချင်းထက် ပိုမိုမြင့်မားနေတယ်၊ ဒါမှမဟုတ် နိမ့်ကျနေတယ်လို့ **မဆိုလိုပါဘူး။**

အသက်အရွယ်မတူညီသော ကျောင်းသားများ စုစည်းထားသည့် အတန်းများတွင် သင်ယူမှုပုံစံ ဘယ်လို ရှိသလဲ။

ဆရာ၊ ဆရာမတွေဟာ NSW သင်ရိုးညွှန်းတမ်းကို အသုံးပြု၍ သင်ယူမှုအစီအစဉ်တွေကို ရေးဆွဲကြပြီး ကျောင်းသားတွေရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီစေမယ့် သင်ကြားမှုပုံစံကို လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲ ကြပါတယ်။ ဒီလုပ်ငန်းစဉ်ကို **'မတူကွဲပြားသော သင်ကြားရေးနည်းလမ်း' (differentiation)** လို့ ခေါ်ဆိုပြီး၊ ကျောင်းသားတွေရဲ့ သင်ယူနိုင်မှုနှုန်း မတူညီကြတာကြောင့် အတန်းတိုင်းမှာ ဒီနည်းလမ်းကို ကျင့်သုံးလေ့ ရှိကြပါတယ်။

အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်းထားရှိ သင်ကြားတဲ့ အတန်းမျိုးမှာ ဆရာ၊ ဆရာမတွေဟာ ကျောင်းသားတွေရဲ့ သင်ယူမှုတိုးတက်စေဖို့ နည်းလမ်းအမျိုးမျိုးကို အသုံးပြုကြပါတယ်။ အောက်ပါ နည်းလမ်းတွေ ပါဝင်နိုင်ပါတယ် -

- လှုပ်ရှားမှု အချို့အတွက် တစ်တန်းလုံးကို အတူတကွ သင်ကြားပေးခြင်း
- သတ်မှတ်ထားတဲ့ သင်ယူမှုလုပ်ငန်းစဉ်တွေကို အဖွဲ့ငယ်တွေခွဲပြီး လုပ်ဆောင်စေခြင်း
- စိန်ခေါ်မှု သို့မဟုတ် ပံ့ပိုးမှု ပေးနိုင်ရန် မတူကွဲပြားသော သင်ယူမှုပုံစံကို အသုံးပြုခြင်း
- ကျောင်းသားတွေအနေနဲ့ မိမိတို့ရဲ့ သင်ယူမှုကို ဖော်ပြနိုင်မယ့် လုပ်ဆောင်ချက်တွေ၊ အရင်းအမြစ်တွေ သို့မဟုတ် နည်းလမ်းတွေကို လိုအပ်သလို ချိန်ညှိ လုပ်ဆောင်ခြင်း။

သင့်မေးခွန်းများအတွက် အဖြများ

ကျွန်တော့်ကလေးကို ဆရာ/ဆရာမတွေက သေချာ ဂရုစိုက်နိုင်ပါ့မလား။

ကျောင်းသားတစ်ဦးချင်းစီအပေါ် အာရုံစိုက်ပေးနိုင်မှု အတိုင်းအတာကို အတန်းဖွဲ့စည်းပုံက အဆုံးအဖြတ် မပေးနိုင်ပါဘူး။ အတန်းတူ ကျောင်းသားတွေရဲ့ အတန်းတွေမှာလိုပဲ ဆရာ၊ ဆရာမတွေဟာ ကျောင်းသားတွေရဲ့ သင်ယူမှုအဆင့်အမျိုးမျိုးကို ထည့်သွင်းစဉ်းစားပြီး သင်ခန်းစာတွေကို စီစဉ်ရေးဆွဲကြတာ ဖြစ်ပါတယ်။

ကျွန်တော့်ကလေးအနေနဲ့ သင်ပြီးသားတွေကိုပဲ ထပ်သင်ရမှာလား။

ဆရာ၊ ဆရာမတွေဟာ ကျောင်းသားတွေရဲ့ သင်ယူမှုတိုးတက်မှုကို စောင့်ကြည့်လေ့လာပြီး ယင်းနှင့်အညီ သင်ခန်းစာတွေကို စီစဉ်ရေးဆွဲကြပါတယ်။ ကျောင်းသားတွေဟာ သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းအတိုင်း ဆက်လက်သင်ယူကြရမှာ ဖြစ်ပြီး၊ သင်ယူမှုအသစ်တွေ တိုးတက် ပြုလုပ်နိုင်ရေးအတွက်လည်း ပံ့ပိုးကူညီမှုတွေ ရရှိမှာ ဖြစ်ပါတယ်။

ကျွန်တော့် ကလေးက သူ့သူငယ်ချင်းတွေနဲ့ ဆက်ပြီး တွေ့ခွင့်ရဦးမှာလား။

ကျောင်းများအနေနဲ့ အတန်းတွေခွဲရာမှာ သူငယ်ချင်း အချင်းချင်း ပေါင်းသင်းဆက်ဆံရေးကို ထည့်သွင်းစဉ်းစား ကြပါတယ်။ ထို့ပြင် ကျောင်းသားတွေဟာ အားလပ်ချိန်တွေနဲ့ ကျောင်းတစ်ကျောင်းလုံး ပါဝင်ဆောင်ရွက်ရတဲ့ လှုပ်ရှားမှုတွေမှာလည်း ၎င်းတို့ရဲ့ သူငယ်ချင်းတွေနဲ့ အပြန်အလှန် ပြောဆိုဆက်ဆံ နိုင်ကြပါတယ်။

အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့ အတန်းတွေဟာ ကလေးရဲ့ ပညာသင်ယူမှုကို ထိခိုက်စေမည်လား။

ဆရာ၊ ဆရာမတွေဟာ ရှင်းလင်းတိကျတဲ့ သင်ကြားရေးနည်းလမ်းကို အသုံးပြုကြပြီး ကျောင်းသားများ၏ သင်ယူမှု၊ အကဲဖြတ်ချက်ရလဒ်များ၊ အားသာချက်များနှင့် လိုအပ်ချက်များအပေါ် မူတည်ပြီး သင်ကြားမှုပုံစံကို လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲ ကြပါတယ်။ ဤလုပ်ငန်းစဉ်ကို အတန်းအမျိုးအစားတိုင်းမှာ တွေ့ရှိရပါတယ်။

ကျွန်တော့်ကလေးအနေနဲ့ စွမ်းဆောင်ရည်တိုးတက်စေမယ့် အခွင့်အလမ်းတွေ ဒါမှမဟုတ် သင့်လျော်တဲ့ စိန်ခေါ်မှုတွေ ရရှိနိုင်ပါ့မလား။

NSW ပြည်နယ်ရှိ အစိုးရကျောင်းများအားလုံးဟာ ဌာနက ထုတ်ပြန်ထားတဲ့ "ထူးချွန်နိုင်စွမ်းမြင့်မားသော သို့မဟုတ် ထူးချွန်သော ကျောင်းသားများ အတွက် ပညာရေးဆိုင်ရာ မူဝါဒ" အရ ထိုကဲ့သို့ အရည်အချင်းရှိတဲ့ ကျောင်းသားတွေကို ပံ့ပိုးကူညီလျက်ရှိပါတယ်။ ဆရာ၊ ဆရာမတွေဟာ ကျောင်းသားတွေရဲ့ အားသာချက်များကို ရှာဖွေဖော်ထုတ်ပြီး ၎င်းတို့နှင့် ကိုက်ညီမည့် ထပ်ဆောင်းသင်ယူမှု သို့မဟုတ် ပိုမိုနက်ရှိုင်းကျယ်ပြန့်တဲ့ သင်ယူမှုအစီအစဉ်တွေကို ရေးဆွဲဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဤလုပ်ငန်းစဉ်ကို အတန်းအမျိုးအစားတိုင်းမှာ ဆောင်ရွက်ပေးနေပြီး အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့ အတန်းမှာ ပါဝင်သင်ယူရခြင်းကလည်း ထိုအခွင့်အလမ်းတွေကို ကန့်သတ်ထားခြင်း မရှိပေ။

အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့ အတန်းမှာ မသန်စွမ်း ကျောင်းသားတွေကို ဘယ်လို ကူညီပံ့ပိုးပေးသလဲ။

မသန်စွမ်း ကျောင်းသားတွေဟာ ပုံမှန်အတန်း ဖြစ်စေ၊ အထူးပံ့ပိုးမှုပေးသော အတန်း ဖြစ်စေ အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့အတန်း အပါအဝင် အတန်းပုံစံအားလုံးရှိ သင်ယူမှုလုပ်ငန်းစဉ်တွေမှာ အပြည့်အဝပါဝင်နိုင်ဖို့ ပံ့ပိုးကူညီမှုတွေ ရရှိကြပါတယ်။ ဆရာ၊ ဆရာမတွေဟာ ကျောင်းသားတစ်ဦးချင်းစီရဲ့ အားသာချက်များ၊ လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို နားလည်သိရှိထားကြပြီး၊ ၎င်းတို့ အောင်မြင်မှုရရှိစေဖို့ မတူကွဲပြားတဲ့ သင်ကြားရေး နည်းလမ်းများ၊ သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများနှင့် လိုအပ်ပါက တစ်ဦးချင်းစီအတွက် သီးသန့်ရေးဆွဲထားသော သင်ယူမှုနဲ့ ပံ့ပိုးကူညီမှု အစီအစဉ်တို့ကို အသုံးပြုဆောင်ရွက်ပေးပါတယ်။ ဒီဆုံးဖြတ်ချက်တွေကို ကျောင်းသားတွေ၊ မိဘတွေ၊ ပြုစုစောင့်ရှောက်သူတွေနဲ့ သက်ဆိုင်ရာ ကျောင်းဝန်ထမ်းအားလုံး ပူးပေါင်းပြီး လိုအပ်သလို ချမှတ်ဆောင်ရွက်ကြပါတယ်။ အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့အတန်းမှာ ပါဝင်သင်ယူရခြင်းကြောင့် ကျောင်းသားတစ်ဦးချင်းစီအတွက် သတ်မှတ်ထားသော ပံ့ပိုးကူညီမှု အစီအစဉ်တွေ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။

သုတေသနရလဒ်များ

အရည်အသွေးမြင့်မားတဲ့ သင်ကြားရေးဟာ ကျောင်းတွင်းမှာ ကျောင်းသားတွေရဲ့ သင်ယူမှုအပေါ် သက်ရောက်မှု ကြီးမားတဲ့ အရာတစ်ခုဖြစ်ပြီး အတန်းအရွယ်အစား၊ အတန်းဖွဲ့စည်းပုံ သို့မဟုတ် အခြားသော အရင်းအမြစ်တွေထက် ပိုမိုကြီးမားတဲ့ အကျိုးသက်ရောက်မှုရှိပါတယ်။ ကောင်းမွန်စွာ စီစဉ်ထားတဲ့ သင်ကြားမှုနဲ့ သင့်လျော်တဲ့ ပံ့ပိုးကူညီမှုတွေ ရရှိမယ်ဆိုရင် အသက်အရွယ်စုံ ကျောင်းသားတွေကို စုပေါင်း သင်ကြားတဲ့အတန်းမှာရှိတဲ့ ကျောင်းသားတွေဟာ အတန်းတူ ကျောင်းသားတွေသာရှိတဲ့ အတန်းက ကျောင်းသားတွေနဲ့ တူညီတဲ့ ပညာရေး ရလဒ်တွေကို ရရှိနိုင်ကြောင်း သုတေသနရလဒ်တွေက ဖော်ပြနေပါတယ်။ ယင်းကဲ့သို့ အတန်းတွေဟာ ကျောင်းသားတွေအနေနဲ့ အသက်အရွယ်နဲ့ ပညာအရည်အချင်းမတူတဲ့ အတန်းဖော်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ စာနာနားလည်ခြင်းနှင့် ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်ခြင်းတို့ကို ပြုလုပ်နိုင်ရန်လည်း အထောက်အကူပြုနိုင်ပါတယ်။

တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု

အချက်အလက်တွေ ထပ်မံသိရှိလိုပါက ကျောင်းအုပ်ကြီးထံသို့ ဖုန်းဆက်သွယ် မေးမြန်းနိုင်ပါတယ်။ မေးမြန်းစုံစမ်းရာမှာ စကားပြန်အကူအညီ လိုအပ်ပါက တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု ဖုန်းနံ 131 450 ဆက်သွယ်ပြီး မိမိဘာသာစကားပြောတဲ့ စကားပြန်တစ်ယောက် တောင်းခံပါ။ ထို့နောက် ဖုန်းလက်ခံဖြေဆိုသူအား သင်ဆက်သွယ်လိုတဲ့ ဖုန်းနံပါတ်ကို ပြောပြပါ။ သင်စကားပြောဆိုရာမှာ ကူညီဖို့ ဖုန်းလိုင်းပေါ်မှာ စကားပြန်တစ်ဦး ထားပေးမှာ ဖြစ်ပါတယ်။ ဤဝန်ဆောင်မှုအတွက် သင့်ဆီက အခကြေးငွေ ကောက်ခံသွားမှာ မဟုတ်ပါဘူး။